DECEMBER 2021 ISSUE

# Newsletter

## Myanmar Garment Manufacturers Association

### *In This Issue*


မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) ၏ ဆဋ္ဌမအကြိမ် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေး

MGMA အလုပ်အမှုဆောင်အစည်းအဝေး

Social Compliance Workshop

Supervisor အဆင့် IE နည်းပညာနှင့် စီမံခန့်ခွဲမှုသင်တန်း (၁၁ ရက်ကြာသင်တန်း)

Merchandiser 3 days Training


အာဟာရဖြည့်စွက်စာအထုတ်များနှင့် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ ထောက်ပံ့ပေးခြင်း

အနည်းဆုံးအခကြေးငွေနှုန်းထားနှင့်စပ်လျဉ်း၍ အသိပေးအကြောင်းကြားခြင်း





စာမျက်နှာ - ၂




စာမျက်နှာ - ၃



စာမျက်နှာ - ၄

# မာတိကာ

## Activity

(MGMA) ၏ ဆဋ္ဌမအကြိမ် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေး ................................ ၂
MGMA အလုပ်အမှုဆောင်အစည်းအဝေး ........................................................................ ၃
Social Compliance Workshop ........................................................................... ၄
Supervisor အဆင့် IE နည်းပညာနှင့် စီမံခန့်ခွဲမှုသင်တန်း (၁၁ ရက်ကြာသင်တန်း) .................... ၅
Merchandiser 3 days Training ........................................................................ ၆
ဖြည့်စွက်စာ အထုတ်များနှင့် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုပေးခြင်း ..................................... ၇

## News

အနည်းဆုံးအခကြေးငွေနှုန်းထားနှင့် စပ်လျဉ်း၍အသိပေးအကြောင်းကြားခြင်း ....................... ၁၀
COVID-19 အကြောင်းသိကောင်းစရာပိုစတာများ ............................................................. ၁၂

## Upcoming Event

| *No.* | *Descriptions* | *Date & Time* | *Venue* |
|---|---|---|---|
| 1. | OHS, Occupational Health and Safety Training (Advance level) | 19 -21 January 2022 | TBC |
| 2. | Income Management in-factory Training | TBC | TBC |
| 3. | Organizational Development Workshop for MGMA team | TBC | TBC |

## Membership Update

Membership update as of December 2021 ............................................................ 13

## Activity

### မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) ၏ ဆဋ္ဌမအကြိမ် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေး

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ ဆဋ္ဌမအကြိမ် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေး ကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက် (အင်္ဂါနေ့) တွင် နေ့လယ် ၂ နာရီမှ ၄ နာရီထိ UMFCCI, မင်္ဂလာခန်းမ၌ Zoom Application ဖြင့်ကျင်းပပြုလုပ်ခဲ့သည်။ အစည်းအဝေးသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ ဥက္ကဋ္ဌ ၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) ၏ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး နှင့် ဗဟိုအလုပ်အမှုဆောင်/ အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ MGMA ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ အသင်းဝင်စက်ရုံများမှ လုပ်ငန်းရှင်များ နှင့် ဖိတ်ကြားထားသော အထူးဧည့်သည်တော်များတက်ရောက်ခဲ့ကြသည်။

အဆိုပါ အစည်းအဝေးတွင် ပထမဦးစွာ MGMA ဥက္ကဋ္ဌ ဦးမြင့်စိုး မှ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး UMFCCI ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းကအမှာစကားပြောကြားခဲ့ပါသည်။

ထို့နောက် MGMA ၏ အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်မှ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့၏ ၂၀၁၉-၂၀၂၀ ခုနှစ် အတွက် နှစ်ပတ်လည်အစီရင်ခံစာ နှင့် ၂၀၁၈-၂၀၁၉ ၊ ၂၀၁၉-၂၀၁၉၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် များ၏နှစ်ချုပ် ငွေစာရင်းရှင်းတမ်းများကို ဖတ်ကြားတင်ပြခဲ့သည်။

MGMA ၏ ရွေးကောက်ပွဲကြီးကြပ်ရေးကော်မရှင် အတွင်းရေးမှူးဦးဆန်းလင်းမှ မြန်မာနိုင်ငံအထည် ချုပ်လုပ်ငန်း ရှင်များအသင်း၏ ၂၀၂၁-၂၀၂၄ ခုနှစ်အထိ တာဝန်ယူဆောင်ရွက်ကြမည့် ဗဟိုအလုပ်အမှုဆောင်/ အလုပ်အမှု ဆောင်များ၏ အမည်စာရင်းများကို ဖတ်ကြားကြေငြာခဲ့သည်။ သဘာပတိမှ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ပြီး အမှတ်တရဓာတ်ပုံများရိုက်ကူးကာ အခမ်းအနားကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။



*UMFCCI Chairman delivering the opening remark*



*MGMA Chairman giving welcome opening speech*



*MGMA Secretary General presenting annual report*



*Group Photo Session*




*MGMA EC/CEC Group Photo*



*Attending Participant*

## MGMA အလုပ်အမှုဆောင်အစည်းအဝေး

လစဉ် ပြုလုပ်လေ့ရှိသော မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) ၏ အလုပ်အမှုဆောင် အဖွဲ့ဝင်များအစည်းအဝေးကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်၊ စနေနေ့ က Online Virtual စနစ်ဖြင့် ပြုလုပ်ခဲ့သည်။ အစည်းအဝေးသို့ အသင်း၏ ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ် အမှုဆောင်၊ အလုပ်အမှုဆောင် အဖွဲ့ဝင်များစုံညီစွာ တက်ရောက်ခဲ့ကြသည်။ အသင်းအနေဖြင့် ရှေ့ဆက်လုပ် ဆောင်မည့်လုပ်ငန်းစဉ်များကို မန်နေဂျင်းဒါရိုက်တာနှင့် ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်အဖွဲ့ဝင် များမှအပြန်အလှန်ဆွေးနွေးခဲ့ပြီး အသင်းဝင်ဝန်ဆောင်မှုနှုန်းထားများ မူလအတိုင်းပြန်လည်ကောက်ခံသွား မည့် အကြောင်းများကို ဆွေးနွေးခဲ့ကြသည်။




## Social Compliance Workshop

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှ Social Compliance Workshop ( တစ်ရက်တာ အလုပ်ရုံဆွေးနွေးပွဲ) ကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက် (သောကြာနေ့) က MGHRDC Training Center မှာ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် MGMA ၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးထွန်းထွန်းက အဖွင့်အမှာ စကားပြောကြားခဲ့သည်။ လူသိများထင်ရှားသော Service Provider ဖြစ်သည့် TUV Rheinland မှ Social Auditing ဆိုင်ရာ ဗဟုသုတများနှင့် အတွေ့အကြုံများ ကို ဝေမျှပေးခဲ့ပြီး MGMA မှ Labor Officer ဦးမင်းစိုးဟန်မှ Voluntary Labor Compliance Assessment (VLCA) အကြောင်းရှင်းလင်းပြောကြားခဲ့ပါသည်။

ထို့နောက် အဖွဲ့လိုက်ဆွေးနွေးမှု များနှင့်အတူ အမေးအဖြေကဏ္ဍများ ပြုလုပ်ခဲ့ကြပြီး သင်တန်းကိုအောင်မြင်စွာ ပြီးဆုံးနိုင်ခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲသို့ MGMA အဖွဲ့ဝင် စက်ရုံများမှ သင်တန်းသား ၂၅ ယောက် တက်ရောက်ခဲ့ကြသည်။




*MGMA CEC Member giving opening remark*




*TUV Rheinland presenting practical method*



*MGMA Labor Officer presenting VLCA*



*Group Discussion*

## Supervisor အဆင့်  IE နည်းပညာနှင့် စီမံခန့်ခွဲမှုသင်တန်း (၁၁ ရက်ကြာသင်တန်း)

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှ Supervisor အဆင့်  IE နည်းပညာနှင့် စီမံခန့်ခွဲမှုသင်တန်း (၁၁ ရက်ကြာသင်တန်း) ကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်မှ ၁၈ ရက်ထိ ရွှေစကားကုမ္ပဏီလီမိတက်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ MGMA ဥက္ကဋ္ဌ ဦးမြင့်စိုး က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး သင်တန်းကိုစတင်ခဲ့သည်။ သင်တန်းကို အထည်ချုပ်စက်ရုံများတွင် အရည်အသွေး ပြည့်မီသောထုတ်လုပ်မှုများ တိုးမြှင့်ရန် ရည်ရွယ်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး MGHRDC မှ အတွေ့အကြုံရှိ သင်တန်းဆရာ/ဆရာမ များမှ လက်တွေ့လုပ်ဆောင်မှုများနှင့် အဖွဲ့လိုက် Presentation များပြုလုပ်ကာ သင်ကြားပြသပေးခဲ့ကြသည်။ သင်တန်းသို့ ရွှေစကားကုမ္ပဏီ လီမိတက်မှ ဝန်ထမ်း စုစုပေါင်း ၁၈ ယောက် တက်ရောက်ခဲ့ကြပါသည်။



*MGMA Chairman delivering opening remark*



*Trainer sharing knowledge*



*Factory practice*



*Training Group Photo*

**Merchandiser 3 days Training**

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းအသင်း (MGMA) မှ Merchandiser 3 days Training ကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်မှ ၂၀ ရက်ထိ MGHRDC မှာကျင်းပပြုလုပ်ခဲ့သည်။ သင်တန်းအဖွင့်အမှာစကားကို MGMA ၏ ဘဏ္ဍာရေးမှူး ဒေါ်ဌေးဌေးအေး မှပြောကြားခဲ့သည်။ သင်တန်းတွင် သင်တန်းနည်းပြ ဒေါ်ထက်ထက်ဖြိုးအောင် မှ Merchandiser တစ်ယောက်အနေဖြင့် buyer နှင့် supplier များကြားချိတ်ဆက်ဆောင်ရွက်ရာတွင် လုပ်ငန်းစဥ်များပိုမို အဆင်ပြေချောမွေ့စွာလုပ်ဆောင်နိုင်ရန်အတွက် လိုအပ်သောဗဟုသုတနှင့်ကျွမ်းကျင်မှုများကို မြှင့်တင်နိုင်အောင် သင်ကြားပေးခဲ့သည်။ သင်တန်းသို့ MGMA အဖွဲ့ဝင်စက်ရုံများမှ သင်တန်းသား စုစုပေါင်း ၃၀ ယောက် တက်ရောက်ခဲ့ကြသည်။.



*MGMA Treasurer delivering opening remark*



*Q & A session*




*Awarding certificate*




*Awarding certificate*



*Motivational Game*



*Participant group photo*

**အာဟာရဖြည့်စွက်စာအထုတ်များနှင့် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ ထောက်ပံ့ပေးခြင်း**


အထည်ချုပ်ကဏ္ဍ စံပြစက်ရုံတစ်ရုံ ဖြစ်လာစေရန် အဆင့်မြှင့်တင်ပေးသော The Model Factory of Garment Industry လုပ်ငန်းအစီအစဉ်၏ လုပ်ငန်းအစိတ်အပိုင်းတစ်ခုအဖြစ် မြန်မာနိုင်ငံအထည်ချုပ် လုပ်ငန်းရှင်များအသင်း (MGMA) သည်အာဟာရဖြည့်စွက်စာ အထုတ်များ ဝေငှခြင်း နှင့်ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုပေးခြင်း လုပ်ငန်းကို လှိုင်သာယာမြို့နယ်ရှိ Kyarlay Apparel Co.,Ltd တွင် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၂၉ ရက်နေ့၌ ပြုလုပ်ခဲ့သည်။

အာဟာရ အမျိုးအစား (၇) မျိုးဖြစ်သော ဆန်၊ ဟင်းသီးဟင်းရွက်ဆီ၊ အိုင်အိုဒင်းဆား၊ မြေပဲ၊ ပဲနီလေး၊ ငါးခြောက် နှင့် ဆပ်ပြာ များပါဝင်သော Nutrition pack များကို စက်ရုံလုပ်သား အယောက် (၅၈၅) ထံသို့ ဝေမျှပေးခဲ့သည်။ ထို့ပြင် ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုအဖြစ် အသိအမှတ်ပြုဆရာဝန်များအဖွဲ့က စက်ရုံလုပ်သား အယောက် (၂၀၀) အား COVID-19 ရောဂါပိုးရှိ၊ မရှိ စစ်ဆေးပေးခဲ့သည်။ လုပ်သားအားလုံး၏ စစ်ဆေးချက်အဖြေများမှာ COVID-19 Negative များအဖြစ် စစ်ဆေးတွေ့ရှိခဲ့သည်။

The Model Factory of Garment Industry သည်မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) နှင့် LIFT Myanmar တို့ ပူးပေါင်းဆောင်ရွက်သော လုပ်ငန်းအစီအစဉ် တစ်ခုဖြစ်သည်။ လုပ်သားအင်အား ၅၀၀ ဝန်းကျင်ဖြင့်ပြည်ပပို့ကုန်တင်ပို့နေသော ဖွံ့ဖြိုးမှုအားနည်းသည့် အလတ်စားစက်ရုံတစ်ရုံအားရွေးချယ်၍ အထည်ချုပ်လုပ်ငန်းကဏ္ဍ စံပြစက်ရုံတစ်ရုံဖြစ်လာစေရန် ကူညီအဆင့်မြှင့်တင်ပေးသော လုပ်ငန်းအစီအစဉ် တစ်ခုဖြစ်သည်။



*COVID-19 Testing*



*COVID-19 Result*



*Explain about COVID-19 Testing*



*Sharing Nutrition Pack*




*Sharing Nutrition Pack*



*Group Photo*

# အနည်းဆုံးအခကြေးငွေနှုန်းထားနှင့် စပ်လျဉ်း၍ အသိပေးအကြောင်းကြားခြင်း

လွန်ခဲ့သောရက်ပိုင်းအတွင်း အနည်းဆုံးအခကြေးငွေနှုန်းထားနှင့်စပ်လျဉ်းသောရေးသားဖော်ပြမှုများ လူမှုကွန်ရက်စာမျက်နှာများတွင်ပျံ့နှံ့ လာသဖြင့် အသင်းဝင်စက်ရုံများထံမှ အသင်းရုံးသို့ ဖုန်းဆက်မေးမြန်းမှုများရှိလာပါသည်။



**Myanmar Garment Manufacturers Association**
မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များ အသင်း
9th Floor, UMFCCI Tower, No. 29, Min Ye Kyaw Swar Road, Lanmadaw Township, Yangon.
Tel: +95 1 2314829, Email: mgma@myanmargarments.org, Website: www.myanmargarments.org

သို့

အသင်းဝင်စက်ရုံ/ကုမ္ပဏီများ
မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်း

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၃) ရက်နေ့။

အကြောင်းအရာ။ ။ အနည်းဆုံး အခကြေးငွေနှုန်းထားနှင့် စပ်လျဉ်း၍ အသိပေးအကြောင်းကြားခြင်း။

၁။ လွန်ခဲ့သော ရက်ပိုင်းအတွင်း အနည်းဆုံး အခကြေးငွေ နှုန်းထားနှင့် စပ်လျဉ်းသော ရေးသားဖော်ပြမှုများ လူမှုကွန်ယက် စာမျက်နှာများတွင် ပျံ့နှံ့လာသဖြင့် အသင်းဝင်စက်ရုံများထံမှ အသင်းရုံးသို့ ဖုန်းဆက်မေးမြန်းမှုများ ရှိလာပါသည်။

၂။ ထို့ကြောင့် ယခုလက်ရှိ အနည်းဆုံးအခကြေးငွေနှုန်းထားမှာ ၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက် ရက်စွဲပါ၊ အမိန့်ကြော်ငြာစာအမှတ် - ၂/၂၀၁၈ ဖြင့် ထုတ်ပြန်ထားသော "မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် နေရာဒေသနှင့် လုပ်ငန်းအမျိုးအစားမခွဲခြားဘဲ တစ်နိုင်ငံလုံး တစ်ပြေးညီ တစ်နာရီလျှင် ၆၀၀ ကျပ် (ခြောက်ရာကျပ်) နှုန်းဖြင့် အလုပ်ချိန် ၈ နာရီ (တစ်ရက်) အတွက် ၄၈၀၀ ကျပ် (လေးထောင့်ရှစ်ရာကျပ်)" သာ ဖြစ်ပါကြောင်းနှင့် MGMA အနေဖြင့်လည်း လတ်တလော အချိန်တွင် အနည်းဆုံးအခကြေးငွေ နှုန်းထားသစ် ပြင်ဆင်သတ်မှတ်ရေးဆိုင်ရာ မည်သည့်ဆွေးနွေးပွဲတွင်မှ ပါဝင်ဆွေးနွေးနေခြင်းမရှိကြောင်း အသင်းဝင်စက်ရုံများအား အသိပေး အကြောင်းကြားအပ်ပါသည်။

၃။ ထို့အပြင် အနည်းဆုံး အခကြေးငွေ နှုန်းထားသစ် ပြင်ဆင်သတ်မှတ်ရေးသည် ၂၀၁၃ ခုနှစ်၊ အနည်းဆုံး အခကြေးငွေ ဥပဒေ၊ နည်းဥပဒေများအရ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ဆွေးနွေးညှိနှိုင်းမှုများဖြင့် ဆောင်ရွက်ရမည့်သာဖြစ်ပြီး အနည်းဆုံး အခကြေးငွေ နှုန်းထားသစ်ကို အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေး ဆိုင်ရာ အမျိုးသားကော်မတီမှ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ပြင်ဆင်သတ်မှတ်ပေးခြင်းသာ ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်း**

MGMA အနေဖြင့်လည်း မည်သည့်ဆွေးနွေးမှုမျိုးတွင်မှ ပါဝင်ဆွေးနွေးနေခြင်း မရှိသောကြောင့် လက်ရှိအနည်းဆုံး အခကြေးငွေနှုန်းထားမှာ တစ်နိုင်ငံလုံး တစ်ပြေးညီ တစ်နာရီလျှင် ၆၀၀ ကျပ်(ခြောက်ရာကျပ်) နှုန်းဖြင့် အလုပ်ချိန် ၈ နာရီ (တစ်ရက်) အတွက် ၄၈၀၀ ကျပ် (လေးထောင့်ရှစ်ရာကျပ်) သာဖြစ်ကြောင်း သိရပါသည်။

၂၀၁၃ ခုနှစ်၊ အနည်းဆုံး အခကြေးငွေ ဥပဒေ၊ နည်းဥပဒေ များအရ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား၊ သုံးပွင့်ဆိုင် ဆွေးနွေး ညှိနှိုင်းမှုများဖြင့်သာ ပြင်ဆင်သတ်မှတ်ရေးကို ဆောင်ရွက်ရမှာဖြစ်ပြီး အနည်းဆုံး အခကြေးငွေနှုန်းထားသစ်ကို အနည်းဆုံး အခကြေးငွေသတ်မှတ်ရေး ဆိုင်ရာ အမျိုးသားကော်မတီမှ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ပြင်ဆင်သတ်မှတ်ပေးခြင်းသာ ဖြစ်သည်။

ထို့အပြင် အလုပ်သမားဝန်ကြီးဌာန မှလည်း ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်စွဲဖြင့် အနည်းဆုံးအခကြေးငွေလုပ်ခ အလုပ်ချိန် ၈ နာရီနှုန်း ၄၈၀၀ ကျပ်သာဖြစ်ကြောင်းကို အသိပေးထုတ်ပြန်ထားသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမားဝန်ကြီးဌာန
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
နေပြည်တော်

စာအမှတ်၊၀၂၄/၁/အလည(ဒေ/ညှိ)၂၀၂၁( ၂၅၄၇၂ )
ရက် စွဲ၊ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်

အကြောင်းအရာ။ **အနည်းဆုံးအခကြေးငွေလုပ်ခ အလုပ်ချိန် တစ်ရက်(၈) နာရီနှုန်း ၄၈၀၀/- ကျပ် ဖြစ်ကြောင်းအသိပေးခြင်း**

၁။ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီသည် ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေ ပုဒ်မ ၁၀ ၊ ပုဒ်မခွဲ(ဃ) နှင့်အညီ သုံးပွင့်ဆိုင်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ခဲ့ပြီး အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီမှ ၁၄-၅-၂၀၁၈ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၈) ဖြင့် မြန်မာနိုင်ငံရှိအလုပ်သမားများအတွက် နေရာဒေသနှင့် လုပ်ငန်းအမျိုးအစားမခွဲခြားဘဲ တစ်နိုင်ငံတစ်ပြေးညီ တစ်နာရီလျှင် ၆၀၀/- ကျပ် (ခြောက်ရာကျပ်) နှုန်းဖြင့် အလုပ်ချိန် ၈ နာရီ (တစ်ရက်) အတွက် **ကျပ် ၄,၈၀၀/- (ကျပ်လေးထောင့်ရှစ်ရာတိတိ)** ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်ပေးခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ လူမှုကွန်ယက်များတွင် အနည်းဆုံးအခကြေးငွေကို တစ်ရက်လုပ်ခကျပ် ၃၆၀၀/- နှုန်းလျှော့ချသတ်မှတ်ကြောင်း ကောလဟာလများ ထုတ်လွှင့်နေသည်ကို ကြားသိနေရပါသည်။

၃။ အနည်းဆုံးအခကြေးငွေကို ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(ဓ)အရ နှစ် နှစ်လျှင် တစ်ကြိမ် တိုးမြှင့်ပြင်ဆင်ခြင်း၊ ပြန်လည်အတည်ပြုခြင်း ဆောင်ရွက်ရမည်ဖြစ်သော်လည်း ကမ္ဘာ့ကပ်ရောဂါ (ကိုဗစ်-၁၉) ဖြစ်ပွားနေခြင်းနှင့် ရောဂါကူးစက်မှုအန္တရာယ်ကြောင့် နယ်စပ်ကုန်သွယ်ရေးဂိတ်များ ပိတ်ထား၍ ကုန်စည်စီးဆင်းမှုရပ်တန့်ခြင်းတို့ကြောင့် စက်ရုံ၊ အလုပ်ရုံအချို့ ပိတ်သိမ်း၊ အင်အားလျှော့ခဲ့ရပြီး အနည်းဆုံးအခကြေးငွေနှုန်းထား ပြန်လည်သုံးသပ်ပြင်ဆင်ရေး လုပ်ငန်းစဉ်များကို ခေတ္တခဏဆိုင်းငံ့ထားခြင်းဖြစ်၍ အခြေအနေတည်ငြိမ်သွားပါက အနည်းဆုံးအခကြေးငွေနှုန်းထား ပြန်လည်သုံးသပ်ပြင်ဆင်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။



၄။ အနည်းဆုံးအခကြေးငွေနှုန်းထား ပြန်လည်သုံးသပ်ပြင်ဆင်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် အမျိုးသားကော်မတီအနေဖြင့် ထုတ်ပြန်သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေထက်လျှော့ချသတ်မှတ်လေ့မရှိဘဲ ဆက်လက်အတည်ပြုခြင်း၊ တိုးမြှင့်သတ်မှတ်ခြင်းကိုသာ ဆောင်ရွက်သွားသည့် အစဉ်အလာရှိပါသည်။

၅။ သို့ဖြစ်ပါ၍ ဖော်ပြပါအမိန့်ကြော်ငြာစာအရ အနည်းဆုံးအခကြေးငွေနှုန်းထား ကျပ် ၄၈၀၀/- သည် အတည်ဖြစ်ကြောင်း အကြောင်းကြားပါသည်။

မောင်မောင်သန်း
ညွှန်ကြားရေးမှူးချုပ်

[illegible]
[illegible]

မိတ္တူကို
အလုပ်သမားဝန်ကြီးဌာန
ရုံးလက်ခံ
မျှောစာတွဲ

# COVID-19 အကြောင်းသိကောင်းစရာ ပိုစတာများ












## Upcoming Event

| No. | Description | Date & Time | Venue |
|---|---|---|---|
| 1. | OHS, Occupational Health and Safety Training (Advance level) | 19 -21 January 2022 | TBC |
| 2. | Income Management in-factory Training | TBC | TBC |
| 3. | Organizational Development Workshop for MGMA team | TBC | TBC |

## Membership Update

### Membership Update of as of December 2021

| Status | Country | No. of Factories |
|---|---|---|
| Active | Myanmar | 68 |
| | China | 257 |
| | Korea | 54 |
| | Japan | 16 |
| | Others | 22 |
| | Joint Venture | 26 |
| | Local, Sub-Con, Marketing, Inspection,Textile | 38 |
| **Total (Active)** | | **481** |
| **Grand Total** | | **749** |